# ကြေးမုံ
**The Mirror**

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ စနေနေ့၊ (29-10-2011) (၆၉၂၇)


## ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရကီသမ္မတနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံ သမ္မတ မစ္စတာ အဗ္ဗဒူလာ ဂူး(လ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တူရကီဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၂၉

၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ တူရကီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ရီဆက် တေယစ် အာဒိုဂန် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး (၈)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် အောက်တိုဘာ ၂၁ ရက် နံနက် ၁၁ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ရှိ လီယွမ် International Conference Centre ပထမထပ်၌ ကျင်းပသည့် (၈)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီး အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အဆိုပါ (၈)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၊ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်၊ မလေးရှားနိုင်ငံ ဝန်ကြီးချုပ် ဒါတိုဆရီ မိုဟာမက် နာဂျစ်ဘင်ထွန်း ဟာဂျီ အဗ္ဗဒူရာဇတ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Somsavat Lengsavad၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Kittiratt Na-Raong၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Nguyen Xuan Phuc၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအပါအဝင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင်များ၊ နိုင်ငံတကာသတင်းဌာနများမှ သတင်းထောက်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)



ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး (၈)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)


ယနေ့ ကြေးမုံ ဖတ်စရာ၊ မှတ်စရာ

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ**
သတင်း-စာမျက်နှာ(၄)

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ ဆက်လက်ကျင်းပ**
သတင်း-စာမျက်နှာ(၅)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်သူ့လွှတ်တော်ကော်မတီများ ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၁)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ကော်မတီများ ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၁)ကျင်းပ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၂၈**

ပြည်သူ့လွှတ်တော်ကော်မတီများ ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၁)ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ လွှတ်တော်ဥက္ကဋ္ဌရုံးအဖွဲ့ရုံးခန်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေပညာရှင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အမှာစကားပြောကြားပြီးနောက် ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက မိမိတို့ကော်မတီအလိုက် လုပ်ငန်းများဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များ၊ သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နေမှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**၂၉-၁၀-၂၀၁၁ (စနေနေ့)**

## အလေးထားရမည့် သစ်တောသစ်ပင် သဘာဝပတ်ဝန်းကျင်

သက်ရှိအားလုံး၏ ပတ်ဝန်းကျင်တွင် လေထု၊ ရေထု၊ မြေထု သစ်ပင်တောတောင် သဘာဝသယံဇာတများ ဝန်းရံနေသည်။ သက်ရှိအားလုံး ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှု ရှိနေရမည်။ သဘာဝပတ်ဝန်းကျင်ကောင်းမွန်နေစေရေး ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်ကြရပေမည်။

မျက်မှောက်ကမ္ဘာ လူသားများနေထိုင်ရာ ပတ်ဝန်းကျင်တွင် မြေ၊ လေ၊ ရေ၊ ရာသီဥတုတို့ ယိုယွင်းလာနေပြီ။ သစ်တောပြုန်းတီးမှုကဲ့သို့သော သဘာဝပတ်ဝန်းကျင် ယိုယွင်းလာမှုကြောင့် ပြဿနာပေါင်းစုံကို လူသားများ ရင်ဆိုင်နေကြရပြီ။ ဖွံ့ဖြိုးပြီးနိုင်ငံများရော ဖွံ့ဖြိုးဆဲနိုင်ငံများပါ တွေ့ကြုံနေကြရသည့် အခက်အခဲပြဿနာများက စီးပွားရေး၊ လူမှုရေးများကိုပါ ရိုက်ခတ်နေပြီ။

စက်မှုလုပ်ငန်းများနှင့် စက်တပ်ယာဉ်များမှ ထုတ်လွှတ်သည့် ဓာတ်ငွေ့နှင့် စွန့်ပစ်ပစ္စည်းများသည် သဘာဝပတ်ဝန်းကျင်ကို ယိုယွင်းလာစေသည်။ အရက်ချက်စက်ရုံ၊ သားရေစက်ရုံ၊ ပဲခွဲစက်ရုံ၊ ငါးပုစွန် အအေးခန်းစက်ရုံ၊ ဆိုးဆေးအသုံးပြု အထည်စက်ရုံ၊ ငံပြာရည်စက်ရုံ၊ အချိုရည်စက်ရုံ၊ ဓာတုဗေဒပစ္စည်းသုံးစက်ရုံ စသည် စသည်တို့မှ စွန့်ပစ်ရေများတွင် ဓာတုဗေဒနှင့် အဆိပ်အာနိသင်များ ပါဝင်နေသည်။ ယင်းစွန့်ပစ်ရေများ မြစ်ချောင်းများအတွင်း၊ သောက်သုံးရေတွင်း၊ ရေကန်များအတွင်း ရောက်ရှိပျံ့နှံ့ပါက ရေနေသတ္တဝါများ သေကျေနိုင်သည်။ မြစ်ရေ၊ ချောင်းရေ သုံးစွဲသူများလည်း ကျန်းမာရေးထိခိုက်စေနိုင်သည်။

ထို့အတူ လူသားတို့က သဘာဝသယံဇာတများ မဆင်မခြင် ထုတ်ယူသုံးစွဲကြသည့်အခါ ပတ်ဝန်းကျင်ပြုန်းတီးမှုများ ဖြစ်လာနေသည်။ အထူးသဖြင့် သစ်ပင်သစ်တောများ စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲခြင်းကြောင့် သစ်တောများပြုန်းတီးလာသည်။ သဘာဝဂေဟစနစ် ပျက်စီးလာကာ ဇီဝမျိုးစုံမျိုးကွဲများ လျော့ပါးပျောက်ပျက်လာနိုင်သည်။ ရာသီဥတု ပျက်ယွင်းလာနိုင်သည်ကို သတိပြုကြရပေမည်။

ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများမှသည် ကပ်ဘေးအသွင် ဖြစ်ပေါ်လာနိုင်သည်။ သက်ရှိအားလုံး၏ ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်လာသဖြင့် နိုင်ငံတိုင်း၊ ဒေသတိုင်းက သစ်တောများ ထူထောင်ထိန်းသိမ်းနေကြရပြီ။ ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သစ်တောသယံဇာတများကို အလေးထား ထိန်းသိမ်းမှုများ ဆောင်ရွက်နေကြပေပြီ။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစဉ်အလာကောင်းများရှိသည်။ နိုင်ငံမြောက်ပိုင်း အမြဲစိမ်းသစ်တောများမှသည် တောင်ဘက်စွန်းရှိ ဒီရေတောနှင့် အပူပိုင်းအမြဲစိမ်းသစ်တောများ ပေါက်ရောက်နေသည်။ သစ်တောအမျိုးအစားစုံ ဇရိယာစတုရန်းမိုင် တစ်သိန်းကျော်ရှိသည်။ ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တော၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ သတ်မှတ်ထိန်းသိမ်းလျက်ရှိသည်။ သစ်တောသစ်ပင် သဘာဝပတ်ဝန်းကျင်ကောင်းများ ရေရှည်တည်တံ့စေရေးအတွက် စနစ်တကျ ထုတ်လုပ်သုံးစွဲခြင်း၊ သစ်တောစိုက်ခင်းများ နှစ်စဉ်တိုးချဲ့ စိုက်ပျိုးထူထောင်ခြင်း၊ ဒီရေတောပျိုးထောင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူတို့က စနစ်တကျ ကြပ်မတ်ကွပ်ကဲဆောင်ရွက်သွားသင့်ကြောင်း တင်ပြလိုက်ရပေသည်။ ။

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

**၂၉-၁၀-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

၇း၅၅ ၁။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၂။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၄။ မြန်မာ့ရှုခင်း

**နေ့လယ်ပိုင်း**

၁၁း၂၅ ၁။ ကာတွန်းအစီအစဉ် -ဟင်နရီရဲ့အိပ်မက် (အပိုင်း-၂၅)
၁၂း၀၀ ၂။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ကျော်မယ် (အကယ်ဒမီကျော်ရဲအောင်၊ အကယ်ဒမီထက်ထက်မိုးဦးနှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-ကျော်ဇောလင်း)**
၂း၀၀ ၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၂၈)**

**ညပိုင်း**

၄း၁၅ ၁။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၃၀ ၂။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ ၃။ ကုန်သွယ်သုတ
၅း၀၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၅။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆း၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၇။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၈။ စားဖိုဆောင်ချစ်သူ
၆း၄၀ ၉။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၁၅)**
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၁၂။ အမျိုးသားရေးတေးကဗျာ
၁၃။ နိုင်ငံတကာသတင်း
၁၄။ မိုးလေဝသသတင်း
၁၅။ လူရွှင်တော်စတား
၁၆။ လျှပ်တစ်ပြက်
၁၇။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မဟူရာညရဲ့ခွန်အား (အပိုင်း-၃)**
၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၉၀)**

## မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲအတွက် အောက်တိုဘာ ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်တိုဘာ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် သန်လျင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

**၂၈-၁၀-၂၀၁၁**

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၄၉၅၀ | ၀. ၀၃၂၇၉ |
| တရုတ် (ယွမ်) | ၆. ၃၅၉၉၁ | ၀. ၁၅၇၂၃ |
| အိန္ဒိယ (ရူပီး) | ၄၈. ၇၄၀၀ | ၀. ၀၂၀၅၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၀၆၄၅၀ | ၀. ၃၂၆၃၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၄၃၅၆ | ၀. ၈၀၄၁၄ |
| ဂျပန် (ယန်း) | ၇၅. ၇၄၈၃ | ၀. ၀၁၃၂၀ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၀. ၅၄ | ၀. ၀၀၀၉၀ |
| ယူရို | ၀. ၇၀၆၄၁ | ၁. ၄၁၅၆၁ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၁၂၆ | ၁. ၆၀၉၆၃ |

***အင်တာနက်။***

## အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၂၈

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Dr. R.M. Marty M. Natalegawa ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono နှင့် ဇနီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။**

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၅ နာရီခွဲတွင် ပြည်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၌ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင်များအားသွားရောက်တွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံသို့ လာရောက်ခြင်းမှာ သမိုင်းကြောင်းအရ ရင်းနှီးခဲ့သည့် နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုရင်းနှီးချစ်ကြည်ရန်၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ASEAN ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန်ကိစ္စတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရန် လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကော်မရှင်က ပြန်လည်ဆွေးနွေးရာတွင် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူ့ဆန္ဒခံယူအတည်ပြုပြီးနောက်တွင် ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးကို အစိုးရအဖွဲ့သစ်အနေဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ပထမဆုံးမူဝါဒ မိန့်ခွန်းပြောကြားချက်နှင့်အညီ ဒီမိုကရေစီရှင်သန်ရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်၊ သန့်ရှင်းသောအစိုးရဖြစ်ရေး အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေမှုကို မိမိတို့တွေ့ရှိရကြောင်း၊ အစိုးရသစ်လက်ထက် အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့် (၂)ကြိမ်တိုင်တိုင် ခွင့်ပြုပေးခြင်း၊ ပြည်သူ့ဆန္ဒကို လိုက်လျောသည့်အနေဖြင့် ဧရာဝတီမြစ်ဆုံရေကာတာစီမံကိန်းကို ရပ်ဆိုင်းခြင်း၊ အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခွင့် ဥပဒေပြဋ္ဌာန်းခြင်း အပါအဝင် ပြုပြင်ပြောင်းလဲမှုများစွာကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၀၆ ခုနှစ်တွင် မြန်မာနိုင်ငံက ASEAN ဥက္ကဋ္ဌရာထူးကို လက်ခံရန် ရွှေ့ဆိုင်းစဉ်က ASEAN အနေဖြင့် မြန်မာနိုင်ငံ အသင့်ဖြစ်သည့်အချိန်တွင် ASEAN ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နိုင်ရန် သဘောတူဆုံးဖြတ်ထားပြီး ဖြစ်ပါကြောင်း။

ထို့ကြောင့် ကော်မရှင်အဖွဲ့ဝင်အားလုံးက မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ASEAN ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ရေးကို အပြည့်အဝထောက်ခံပါကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းရှိ နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့ရုံးခွဲ (ရန်ကုန်)၌ နိုင်ငံတော်သမ္မတ၏ အကြံပေး အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကိုကိုလှိုင်၊ ဒေါက်တာနေဇင်လတ်၊ ဦးရဲတင့်၊ ရဲမှူးကြီး စစ်အေး(ငြိမ်း)၊ ဒေါ်ခင်မျိုးမြင့်၊ ဦးဆက်အောင်တို့နှင့် တွေ့ဆုံကြသည်။ **(ဝဲပုံ)** (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျရောက်သော တူရကီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ တူရကီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာမက် ဒါဗူတို ဒလူ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## အကြိမ်(၂၀)မြောက် ASEAN FEDERATION OF FORWARDERS ASSOCIATIONS(AFFA) ၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ



ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် အကြိမ်(၂၀)မြောက် ASEAN FEDERATION OF FORWARDERS ASSOCIATIONS (AFFA)၏ နှစ်ပတ်လည် အစည်းအဝေး၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ကျင်းပသည့် အကြိမ်(၂၀)မြောက် ASEAN FEDERATION OF FORWARDERS ASSOCIATIONS (AFFA) ၏ နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အာဆီယံနိုင်ငံများရှိ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းများ စုပေါင်းဖွဲ့စည်းထူထောင်ထားသည့် AFFA အသင်းဥက္ကဋ္ဌ Mr. Somsak Wisetruangrot နှင့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည် ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း MIFFA ဥက္ကဋ္ဌ ကပ္ပတိန်အောင်ခင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည် ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ASEAN FEDERATION OF FORWARDERS ASSOCIATIONS (AFFA) ဥက္ကဋ္ဌ Mr. Somsak Wisetruangrot ကိုယ်စား Mdm Oranooch Pakarat Rutlen က AFFA အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင် များအသင်းကို ၂၀၀၃ ခုနှစ် မေ ၂၂ ရက်တွင် ဖွဲ့စည်းထူထောင်ခဲ့သည်။ အာဆီယံနိုင်ငံများရှိ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းများ စုပေါင်းဖွဲ့စည်းထူထောင်ထားသည့် AFFA သို့ အသင်းဝင်အဖြစ် ဝင်ရောက်ခဲ့ရာ ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် အကြိမ်(၂၀)မြောက် ASEAN FEDERATION OF FORWARDERS ASSOCIATIONS (AFFA) ၏ နှစ်ပတ်လည်အစည်းအဝေးကို အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ဆီဒိုးနားဟိုတယ်၌ ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာ

နေပြည်တော် အောက်တိုဘာ ၂၈

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၅၈/၂၀၁၁)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။**

အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၅၈/၂၀၁၁)

၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်)

### တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ)အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်ကို ကြေညာခြင်း

၁။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)နှင့် (၂)တို့အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးအောင်မြင့်(ခ) ဇာဟီဒုလ္လာနှင့် ဦးဘော်ရှီးအာမတ်တို့၏ ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်တို့၌ ယှဉ်ပြိုင်အရွေးခံသူများဖြစ်သည့် ဦးမောင်စန်ရွှေနှင့် ဒေါက်တာဘော်ရှီရ်အာမတ်တို့က ရွေးကောက်ပွဲကန့်ကွက်လွှာများ တင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှုများဖြင့် လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၈-၁၀-၂၀၁၁ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ် (၁၂/၂၀၁၁)နှင့် (၁၃/၂၀၁၁)ဆုံးဖြတ်ချက်များတွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) အတွက် ဦးအောင်မြင့်(ခ)ဇာဟီဒုလ္လာကိုလည်းကောင်း၊ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂)အတွက် ဦးဘော်ရှီးအာမတ်ကို လည်းကောင်း လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁)၏ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဦးမောင်စန်ရွှေကို လည်းကောင်း၊ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၏ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ဒေါက်တာဘော်ရှီရ်အာမတ်ကိုလည်းကောင်း ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(က)အရ ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်၍ ဦးအောင်မြင့်(ခ)ဇာဟီဒုလ္လာနှင့် ဦးဘော်ရှီးအာမတ်တို့သည် ယခုကြေညာသည့်နေ့မှစ၍ ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိတော့ကြောင်းနှင့် အောက်ပါပုဂ္ဂိုလ် နှစ်ဦးတို့သည် ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ မဲဆန္ဒနယ်၏ ရခိုင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၇၅(ခ)အရ သတ်မှတ်ကြေညာလိုက်ပါသည်-

(က) ဦးမောင်စန်ရွှေ [၁၁/ဘသတ(နိုင်)၀၀၉၃၃၈] ဘူးသီးတောင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)
(ခ) ဒေါက်တာဘော်ရှီရ်အာမတ် [AI/၁၄၆၃၅၃] ဘူးသီးတောင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)

**(ပုံ) တင်အေး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (၁၈)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၈

**သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (၁၈)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန (IBC)၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**





**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက် (၁၈)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အမျိုးသားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာသည် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် အစိမ်းရောင် စီးပွားရေးလုပ်ငန်းများဆိုင်ရာ မူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် အလုပ်အကိုင်များကို စနစ်တကျ ချဉ်းကပ်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ လမ်းဖွင့်ပေးရန် ရည်ရွယ်ထားပါကြောင်း။

**စိုက်ပျိုးပြီးဖြစ်**

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ပေးရန်နှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်သမ္မတကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ပါဝင်သော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ကော်မတီအနေဖြင့် အမျိုးသားလုပ်ငန်း အစီအစဉ်(၈)ရပ်ကို ရေးဆွဲထားရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း အစီအစဉ်လည်း ပါရှိကြောင်း၊ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် မြန်မာနိုင်ငံသည် သစ်တောကြိုးဝိုင်းများ၊ ဘေးမဲ့တောများ၊ သဘာဝနယ်မြေများ တည်ထောင်ခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ အပူပိုင်းဒေသနှင့် ကမ်းရိုးတန်းဒေသများ၌ သစ်တောများ ပြန်လည်တည်ထောင်စိုက်ပျိုးခြင်း အပါအဝင် နှစ်(၃၀) အမျိုးသားသစ်တော စီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံကိန်းအရ ယနေ့ အချိန်အထိ နိုင်ငံတစ်ဝန်းတွင် သစ်တောစိုက်ခင်း ဟက်တာ ငါးသိန်းကျော် တည်ထောင်စိုက်ပျိုးထားပြီးဖြစ်ပါကြောင်း။

အမျိုးသားစိမ်းလန်းစိုပြည်ရေးလုပ်ငန်း အစီအစဉ်ဖြင့် လူထုလူတန်းစား အလွှာပေါင်းစုံပါဝင်သည့် လူထုလှုပ်ရှားမှု အသွင်ဖြင့် တစ်နိုင်ငံလုံးတွင် အပင်မျိုးစုံ ၇၉ သန်းကို ယခုနှစ်တွင် စိုက်ပျိုးခဲ့ပါကြောင်း၊ ထို့အပြင် နှစ်စဉ်ပြည်သူ အစုအဖွဲ့ပိုင်သစ်တောများ တည်ထောင်စိုက်ပျိုးခြင်း၊ သစ်တောပြုန်းတီးပျက်စီးခြင်းနှင့် သစ်တောအတန်းအစား လျော့ကျခြင်းမှ ကာဗွန်ထုတ်လုပ်မှု လျှော့ချခြင်း (Reducing Emission from Deforestation and Forest Degradation - REED) အတွက် ကနဦး ဆောင်ရွက်မှု အစီအစဉ်များကိုလည်း ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကနဦး အမျိုးသားအစီရင်ခံစာအရ ၂၀၀၀ ပြည့်နှစ်ကို အခြေခံသည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့နှင့် ညီမျှသော မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုမှာ တန်ချိန် ၇၄ ဒသမ ၃၅၈ သန်းနှင့် သစ်တောကဏ္ဍက ကာဗွန်စုပ်ယူထိန်းသိမ်းထားမှုမှာ ၁၄၂ ဒသမ ၂၂၁ သန်းခန့် ဖြစ်သည့်အတွက်ကြောင့် မြန်မာနိုင်ငံသည် ကာဗွန်ထုတ်လွှတ်မှု အပေါ် ပြန်လည်စုပ်ယူထိန်းသိမ်းမှု ကောင်းသော နိုင်ငံဖြစ်ပါကြောင်း။

ဝန်ကြီးဌာန စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေများမှာ ပုဂ္ဂလိက ကျွန်းစိုက်ခင်းများကို ၂၀၀၆-၂၀၀၇ ခုနှစ်မှ လည်းကောင်း၊ ပုဂ္ဂလိက သစ်မာမျိုးစုံ စိုက်ခင်းများကို ၂၀၀၇-၂၀၀၈ ခုနှစ်မှ လည်းကောင်း စတင်ခွင့်ပြုခဲ့ပါကြောင်း။

သစ်တောဖက်စပ်မှ ပြည်သူလူထုကို သစ်ခွဲသားများ ရောင်းချနိုင်မှုမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ပြည်သူဖြန့် သစ်ဆိုင်ပေါင်း ၁၀၄ ဆိုင်မှ စုစုပေါင်း သစ်တန် ၁၀၆၈၂ ရောင်းချနိုင်ခဲ့ပြီး အမြတ်ငွေကျပ် ၃၉၄ သန်းရရှိခဲ့ပါကြောင်း။

ထို့ကြောင့် သစ်တောဖက်စပ်ကို ပိုမိုတိုးတက်လာအောင် ပြီးခဲ့သည့်နှစ်က ရရှိသည့် အတွေ့အကြုံများအရ လာမည့်နှစ်တွင်လည်း မိမိကိုယ်တိုင် ကြိုးစားအားထုတ်မှုဖြင့် သတ်မှတ်လုပ်ငန်းစဉ်များ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် သစ်တောနှင့် သစ်လုပ်ငန်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများအတွက် သစ်တောဖက်စပ်ဥက္ကဋ္ဌ ဦးသန်းစောက သစ်တောတက္ကသိုလ် ငွေပဒေသာပင်အတွက် ငွေကျပ်သိန်း ၅၀ နှင့် ပြင်ဦးလွင်သစ်တောကျောင်း ငွေပဒေသာပင်အတွက် ရန်ပုံငွေကျပ်သိန်း ၂၀၊ သစ်ထုတ်ရေးလုပ်ငန်း ဆောင်ရွက်နေသော ဆင်များအတွက် ဆင်ဆေးများဝယ်ယူရန် ရန်ပုံငွေကျပ်သိန်း ၅၀ နှင့် မြန်မာ့သစ်လုပ်ငန်း နန်ချွန်သင်တန်းကျောင်းအတွက် ရန်ပုံငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အစည်းအဝေး ဒုတိယပိုင်း အစီအစဉ်များကို ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ဆက်လက်ကျင်းပ

## ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့ တက်ရောက်

နေပြည်တော် အောက်တိုဘာ ၂၈

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ကို ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၈၀)ဦးတို့ တက်ရောက်ကြသည်။**

ယနေ့ လွှတ်တော်အစည်းအဝေး၌ အဆိုအသစ်(၂)ခု တင်သွင်းခြင်း၊ ဥပဒေကြမ်း(၁)ခုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် ဥပဒေကြမ်း(၇)ခုကို မှတ်တမ်းတင်ခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စုများပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းတို့ကို မှတ်တမ်းတင်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပေးရေးနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခြင်းများ ဆောင်ရွက်ကြသည်။

**အဆိုတင်သွင်းခြင်း ကဏ္ဍ**တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက **မြန်မာ့မီးရထား၏ ရထားအဆင့်အတန်းမြှင့်တင်နိုင်ရေးနှင့် အရှုံးကာမိစေရေးအတွက် ရထားလက်မှတ်ခ၊ တန်ဆာခနှုန်းထားများကို တိုးမြှင့်ကောက်ခံခွင့်ပြုရေး** အဆိုကို တင်သွင်းပြီး သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်က မြန်မာ့မီးရထား အဆင့်အတန်းမြှင့်တင်နိုင်ရေးအတွက် အရှုံးကာမိရုံမျှ ပြင်ဆင်သတ်မှတ်ခြင်းကို ပြည်ထောင်စုဝန်ကြီးက တင်ပြသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ရထားလက်မှတ်ခနှင့် တန်ဆာခများ တိုးမြှင့်ကောက်ခံခြင်းသည် ဝန်ကြီးဌာန၏ ဆောင်ရွက်ပိုင်ခွင့်ရှိပြီးဖြစ်သဖြင့် ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးရန် မလိုအပ်ပါကြောင်းဖြင့် တင်ပြရာ ပြည်ထောင်စုလွှတ်တော်က ဤကိစ္စသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်အတွင်းရှိသည့်အတွက် လွှတ်တော်၏ အဆုံးအဖြတ်ရယူရန် မလိုအပ်ကြောင်းနှင့် အစိုးရအဖွဲ့၏ အစည်းအဝေးတွင်လည်း ဆုံးဖြတ်ထားပြီးဖြစ်သည်ကို သိရှိရသည့်အတွက် ပြည်ထောင်စုလွှတ်တော်သို့ အသိပေးကြောင်းကို မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေက **မြန်မာနိုင်ငံအတွင်း သတ်မှတ်ကောက်ခံနေသော ဓာတ်အားခနှုန်းထားများဖြင့် စုဆောင်းရရှိသော ဝင်ငွေသည် သက်ဆိုင်ရာ ဝန်ကြီးဌာနအနေနှင့် မြောက်မြားစွာသော တိုးချဲ့ရင်းနှီးမှုများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူဖြစ်နိုင်၊ မဖြစ်နိုင် သုံးသပ်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာ အဆိုနှင့်စပ်လျဉ်း၍ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက ဆွေးနွေးရာတွင် လျှပ်စစ်ဓာတ်အားခများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၌ နှစ်ကြိမ်တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ လက်ရှိကောက်ခံနေသော ဓာတ်အားခနှုန်းထားသည် အလွန်နည်းပါးနေပါကြောင်း၊ ဓာတ်အားခနှုန်းထားများ တိုးတက်ကောက်ခံရေးအတွက် ပြင်ဆင်သွားရန် လိုအပ်မည်ဖြစ်သည့်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ဤကိစ္စသည် ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြပြီး ဆောင်ရွက်နိုင်သည့်ကိစ္စဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

အဆိုရှင် ဒေါက်တာခင်ရွှေ၏ အဆိုတွင်ပါရှိသည့် လုပ်ငန်းရပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့က ဆုံးဖြတ်ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည့်အတွက် ဤအဆိုနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရန်မရှိကြောင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ တင်ပြချက်ကို မှတ်တမ်းတင်ကြောင်း ဆုံးဖြတ်သည်။

လွှတ်တော်၌တင်သွင်းခဲ့ပြီး စက်တင်ဘာ (၇)ရက်တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးနိုင်ရန် ပေးပို့ခဲ့ကြောင်း၊ ပြည်သူ့လွှတ်တော်က စက်တင်ဘာ (၂၆)ရက်တွင် ယင်းဥပဒေကြမ်းနှင့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် ဆွေးနွေးပြီး ထပ်မံပြင်ဆင်ချက်များဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ခဲ့ကြောင်း၊ အမျိုးသားလွှတ်တော်က အောက်တိုဘာ (၅)ရက်နှင့်(၆)ရက်တို့တွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်များကို ပြန်လည်ဆွေးနွေးခဲ့ပြီး ပြင်ဆင်ချက်အချို့ကို သဘောမတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ထိုသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်နိုင်ရန် အမျိုးသားလွှတ်တော်က ပြည်ထောင်စုလွှတ်တော်နာယကထံ ပေးပို့လာသည့်အတွက် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၈၂၊ နည်းဥပဒေခွဲ(က)အရ ယင်းသဘောကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးခြင်းမပြုမီ လေ့လာစိစစ်နိုင်ရန် ဥပဒေကြမ်းပူးပေါင်းကော်မတီသို့ ပေးပို့ခဲ့ကြောင်း သိရသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)



**ဥပဒေကြမ်း(၁)ခု ရှင်းလင်းတင်ပြခြင်း ကဏ္ဍ**တွင် **ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းတင်ပြပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ဆွေးနွေးလိုသည့် အကြောင်းအရာ အကျဉ်းချုပ်ကိုဖော်ပြ လက်မှတ်ရေးထိုးပြီး ယနေ့အစည်းအဝေး အပြီးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့သော ကိုယ်ပိုင်ကျောင်းမှတ်ပုံတင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးဆောင်ရွက်ရန် ပေးပို့ခဲ့ရာ ဩဂုတ်(၂၃)ရက်တွင် အမျိုးသား

**ဥပဒေကြမ်းများမှတ်တမ်းတင်ခြင်းကဏ္ဍ**တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုခဲ့သည့် **ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်း၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များပြဋ္ဌာန်းသည့် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်း ဥပဒေကြမ်း**တို့ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၁ အရ ပြည်ထောင်စုလွှတ်တော်တွင် မှတ်တမ်းတင်ရန် ပြည်ထောင်စုလွှတ်တော် နာယက က တင်ပြရာ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်းဆုံးဖြတ်သည်။

**ကျေးရွာများပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း/အမည်ပြောင်းလဲခြင်းကဏ္ဍ**တွင် နိုင်ငံတော်သမ္မတက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စုများ ပြင်ဆင်ခြင်း၊ ဖွဲ့စည်းခြင်း သို့မဟုတ် အမည်ပြောင်းလဲခြင်းကိစ္စနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၈ အရ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်နိုင်ရန် ပေးပို့ခဲ့မှုနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်သည်။

အဆိုပါ ပေးပို့လာသည့်ဆောင်ရွက်ချက်များမှာ မုံရွာခရိုင် ချောင်းဦးမြို့နယ်နှင့် ရွှေဘိုခရိုင် ဒီပဲယင်း မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၂)အုပ်စုနှင့် ကျေးရွာ(၃)ရွာတို့အား အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ်အတွင်း ကျေးရွာ (၁)ရွာ တိုးချဲ့ဖွဲ့စည်းခြင်းတို့ဖြစ်သည်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးက စိစစ်ပေးရေးနှင့် စပ်လျဉ်းသည့် ကဏ္ဍ**တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၁၀၅၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ခြင်းမပြုမီ ဥပဒေကြမ်းပူးပေါင်းကော်မတီအား စိစစ်ရန် တာဝန်ပေးအပ်မည်ဖြစ်ကြောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီကစိစစ်ရာ၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ သံသယရှိသောကိစ္စများ ပါဝင်သည်ဟု ယူဆပါက ယင်းဥပဒေကြမ်းအား နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၂၂၊ ပုဒ်မခွဲ(ခ)အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့၍ စိစစ်ရန် လိုအပ်မည်ဖြစ်ကြောင်းကို လွှတ်တော်၏အဆုံးအဖြတ်ရယူသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်က သဘောတူသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့်ရက်ကို ကြိုတင်အကြောင်းကြားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ဒီပဲယင်းမြို့ မြို့မရပ်ကွက် ဓမ္မစာကြည့်တိုက် ပန္နက်တင်

**ဒီပဲယင်း အောက်တိုဘာ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့ မြို့မရပ်ကွက်၌ ဓမ္မစာကြည့်တိုက်အဆောက်အအုံသစ် ပန္နက်တင် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလွင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးအောင်လင်းနှင့် မုံရွာမြို့နေ အလှူရှင် သုဓမ္မမဏိဇောတဓရ ဦးစိန်လှိုင်တို့က စာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ပန္နက်တင်ပေးကြသည်။

အဆောက်အအုံသစ်ကို မုံရွာမြို့နေ သုဓမ္မမဏိဇောတဓရ ဦးစိန်လှိုင်၊ ဇနီး ဒေါ်ကြည်၊သမီး မလင်းလင်းမိုး၊ မခင်စိုးလှိုင်မိသားစုက ငွေကျပ်သိန်း ၁၅၀ အကုန်အကျခံဆောက်လုပ်မည်ဖြစ်ပြီး အလျား ၃၈ ပေ၊ အနံ ၂၆ ပေ၊ အမြင့် ၁၃ ပေ RC တစ်ထပ်အမျိုးအစားဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဥတုရာသီ တောကိုမှီ၏

## ပုတီးကုန်း အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

ပုတီးကုန်း အသင်း(ရန်ကုန်)၏ ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ပုတီးကုန်းမြို့ အထက မြညီလာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး မွန်းလွဲ ၁ နာရီတွင် ဆရာကြီး၊ ဆရာမကြီး ၆၇ ဦးတို့အား (၁၅)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြပါရန်နှင့် ဦးချစ်ရင် ဖုန်း-၀၉-၅၀၉၄၃၇၃၊ ဒေါ်မြသွင် ဖုန်း-၀၁-၅၄၆၈၇၉၊ ဦး၀တင် ဖုန်း-၅၂၂၂၅၀(၂၉၄)၊ ဦးအောင်တင် ဖုန်း-၀၉-၅၀၃၇၈၄၄၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၃၇၅၆၇၊ ဦးခင်ကျော် ဖုန်း-၀၉-၇၃၀၇၈၁၈၈၊ ဒေါ်မူမူဝင်း ဖုန်း-၀၁-၅၁၂၄၀၁၊ ဦးအေးချို ဖုန်း-၀၁-၅၀၁၆၆၃၊ ဦးလှဝင်း ဖုန်း-၀၉-၅၁၃၁၆၅၈၊ ဦးမောင်မောင် ဖုန်း-၀၁-၅၂၇၇၂၉၊ ဆရာကြီး ဦးသိန်းဝင်း ဖုန်း-၀၅၃-၆၅၁၁၄၊ ဒေါ်ငွေငွေရီ ဖုန်း-၀၅၃-၆၅၀၈၅၊ ဦးတင်လှ ဖုန်း-၀၅၃-၆၅၀၉၅၊ ဦးသိန်းဇော် ဖုန်း-၀၅၃-၆၅၁၆၆ နှင့် ဦးကျော်သူ ဖုန်း-၀၅၃-၆၅၀၈၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂) ရက်မြောက်နေ့ ဆက်လက်ကျင်းပ

# သတ္တုတူးဖော်ရေးလုပ်ငန်းကို ဆင်းရဲနွမ်းပါးသူပြည်သူများလုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးသင့်ကြောင်းဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂၈

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။**

အစည်းအဝေးသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (၂၀၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးမြင့်ထွန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းတို့ကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာများနှင့်အတူ အဆိုတင်သွင်းသည်။

ယင်းဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်က ကြေညာသည်။

ယမန်နေ့က ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်း တင်သွင်းခဲ့သည့် **"သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းထူထောင်ခွင့်ပြုရန်"**အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဂျေယောဂူ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမြတ်ကိုနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညဏစိုးတို့က ဆွေးနွေးကြရာ အဆိုတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခု အနက် (၁၃)ခု၊ မြို့နယ်(၃၂၄)မြို့နယ်အနက် (၁၆၂)မြို့နယ်၌ သတ္တုမျိုးစုံထွက်ရှိသည်ဟု ဖော်ပြပါရှိပါကြောင်း၊ ယင်းသို့ မြန်မာနိုင်ငံတွင် ကျောက်မျက်ရတနာနှင့်သတ္တုများ အများအပြားရှိခြင်းကြောင့် ဆင်းရဲသားပြည်သူများအား သတ္တုလုပ်ငန်းတွင် တစ်ပိုင်တစ်နိုင် ပါဝင်လုပ်ကိုင်စေခြင်း၊ ကုန်ချောထုတ်လုပ်ခြင်း လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်စေခြင်းတို့ဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်မည်ဖြစ်ပါကြောင်း၊ သတ္တုလုပ်ငန်းမှာ နိုင်ငံ့ GDP ၏(၁)ရာခိုင်နှုန်းသာရှိကြောင်း၊ ယင်းလုပ်ငန်းတွင် ပြည်ပရင်းနှီးမြှုပ်နှံမှု (၇)ရာခိုင်နှုန်းကျော်ရှိပြီး ပြည်တွင်းရင်းနှီးမြှုပ်နှံမှုမှာ (၁)ရာခိုင်နှုန်းပင် မပြည့်သဖြင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများစွာ လိုအပ်နေသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံတစ်ဝန်းတွင် သတ္တုသယံဇာတ အမြောက်အမြားပျံ့နှံ့စွာ တည်ရှိနေသော်လည်း ရင်းနှီးမြှုပ်နှံမှု အားနည်းရခြင်းမှာ အသိညဏ်၊ ဗဟုသုတနှင့် နည်းပညာအားနည်းခြင်း၊ လုပ်ထုံးလုပ်နည်းကိုမသိခြင်း၊ တူးဖော်ခွင့်ရရှိရန် လုပ်ကိုင်မှုအဆင့်များစွာ ဆောင်ရွက်ရခြင်းနှင့် ပြည်သူများ၏ ဘဝပုံမှန်ရပ်တည်ရေးအတွက် စိုက်ပျိုးရေးကိုသာ လုပ်ကိုင်နေရခြင်းတို့ကြောင့်ဖြစ်ပါကြောင်း၊ သတ္တုတူးဖော်ရေး လုပ်ငန်းကို ဆင်းရဲနွမ်းပါးသူပြည်သူများ လုပ်ကိုင်နိုင်အောင် ဆောင်ရွက်ပေးသင့်ကြောင်း၊ နိုင်ငံ၏စီးပွားရေးမှာ လယ်ယာ၊ သစ်တော၊ သားငါးနှင့် သတ္တုလုပ်ငန်းအပေါ် မှီခိုနေရသည်ဖြစ်ရာ သတ္တုလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဖောင်ဒေးရှင်း ထူထောင်ခြင်းက အထောက်အကူပြုမည် ဖြစ်ပါကြောင်း၊ ထူထောင်ခွင့်ရရှိပါက သတ္တုအခြေခံစက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးလာပြီး ဒေသခံပြည်သူများလည်း အလုပ်အကိုင် အခွင့်အလမ်းများရရှိလာမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် ပထမအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၂)ရက်မြောက်နေ့ကို မွန်းလွဲ ၂ နာရီခွဲတွင် ရပ်နားပြီး (၄၃)ရက်မြောက်နေ့ အစည်းအဝေးကို ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁ ရက် အင်္ဂါနေ့ နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

ယနေ့အစည်းအဝေးတွင် ဥပဒေကြမ်း(၂)ခု တင်သွင်းခြင်းနှင့် အဆို(၁)ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)



အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၂၉-၁၀-၂၀၁၁ (စနေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး) (တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ "သုတရောင်စုံပန်းခင်း"
- ၈း၁၀ ၈။ ကဗျာပန်းဥယျာဉ်
- ၈း၂၀ ၉။ အတီးပြိုင်ပွဲ
- ၈း၃၀ ၁၀။ တေးဂီတအစီအစဉ်
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ "စည်းကမ်းလိုက်နာ ဘေးကင်းမှာ"
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၅၀ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၂၀ ၅။ "နှုတ်မြိန်ဖွယ်ရာချစ်ဟင်းလျာ"
- ၁း၄၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ကျောင်ဝွန်း" (အပိုင်း-၁၈)**
- ၂း၃၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၂း၄၀ ၈။ "အောင်မြင်ပွင့်လန်းရွှေတောင် အဆင့်မြင့်တစ်ခေတ်ဆန်း"
- ၂း၅၅ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄း၂၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၄း၂၅ ၄။ "အမွန်မြတ်ဆုံးလက်ဆောင်" (နေရဲလင်း၊ နှင်းဥ၊ စေနဲ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ) (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ "လှပစုံလင်အာဆီယံတစ်ခွင်"
- ၅း၁၀ ၈။ တေးဂီတအစီအစဉ်
- ၅း၂၀ ၉။ International Science News
- ၅း၃၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆း၀၀ ၁၁။ ညနေခင်းသတင်း
- ၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၃။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၃၅ ၁၄။ ယဉ်တစ်ကိုယ်မယ် (မီးမီးသုခ)
- ၇း၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ရွှေဖူးစာ" (အပိုင်း-၂၇)**
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၆၀)**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသောရုပ်သံလွှင့်မှူး" (အပိုင်း-၂၀)**
- ၂၁။ ဂီတတံခါးလေးဖွင့်ပါဦး
- ၂၂။ အစီအစဉ်ပြီး၏။



**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား အထွေထွေဗျူရိုမှ ဒုတိယဝန်ကြီး မစ္စတာထျင်ကျင့်တို့ တွေ့ဆုံကြစဉ်။** (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် တရုတ်နိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား အထွေထွေဗျူရိုမှ ဒုတိယဝန်ကြီး မစ္စတာထျင်ကျင့်တို့ တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၂၈

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြား အထွေထွေဗျူရိုမှ ဒုတိယဝန်ကြီး မစ္စတာထျင်ကျင့်တို့သည် ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ တွေ့ဆုံကြသည်။**

ထိုသို့ တွေ့ဆုံရာ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် CCTV၊ ကွမ်ရှီး TV၊ ယူနန် TV တို့အကြား သတင်းနှင့် ပြန်ကြားရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် နားလည်မှုစာချွန်လွှာ MoU ရေးထိုးပြီးနောက် စာချွန်လွှာပါ သဘောတူညီချက်များအတိုင်း စဉ်ဆက်မပြတ် တိုးမြှင့်အကောင်အထည်ဖော် ဆောင်ရွက်သွားရေးကိစ္စများ၊ MRTVနှင့် CRI အကြား ရေးထိုးရန် စီစဉ်ထားသည့် နားလည်မှုစာချွန်လွှာကိစ္စ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် SARFT အကြား Agreement on Radio and Television Co-operation လက်မှတ်ရေးထိုးနိုင်ရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ နှစ်နိုင်ငံ ပြန်ကြားရေး ဝန်ကြီးဌာနများ ပူးပေါင်း၍ ရုပ်သံဇာတ်လမ်းတွဲများ အောင်မြင်စွာ ရိုက်ကူးထုတ်လွှင့်နိုင်ရေး ကိစ္စရပ်များကို အကျယ်တဝင့် ရင်းနှီးစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေး ဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Gao Hua နှင့် တာဝန်ရှိသူများ၊ CCTVမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ညပိုင်းတွင် ဒုတိယဝန်ကြီး ဦးစိုးဝင်းက တရုတ် ဒုတိယဝန်ကြီး မစ္စတာ ထျင်ကျင့်နှင့်အဖွဲ့ဝင်များအား ကရဝိက်နန်းတော်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၈**

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 နှင့် M-11 တို့တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV HAI YANG SHI YOU 719 ဖြင့် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့်တည်နေရာ ဧရိယာများမှာ Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၅ ဒသမ ၃၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၁၉ ဒသမ ၃ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၇ မိနစ် ၉ ဒသမ ၈၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅ မိနစ် ၁၅ ဒသမ ၇ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၆ မိနစ် ၁၂ ဒသမ ၂၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅ မိနစ် ၁၄ ဒသမ ၇ စက္ကန့်နှင့် Point D မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၆ မိနစ် ၇ ဒသမ ၉၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၃ မိနစ် ၂၇ ဒသမ ၆ စက္ကန့်အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M- 9 နှင့် M-11 တို့တွင် 3D Marine Seismic Acquisition Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV HAI YANG SHI YOU 719 ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's )ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်းနှင့် ငါးဖမ်းကိရိယာများ ချထားခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဓာတ်ပုံပညာ နှီးနှောဖလှယ်ပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၈**

မြန်မာနိုင်ငံတွင် ဓာတ်ပုံပညာနှင့် နည်းပညာအရည်အသွေး တိုးတက်မြင့်မားစေရန်အတွက် Canon Singapore Pte.,Ltd. နှင့် Accel International Co.,Ltd. တို့ပူးပေါင်း၍ ဓာတ်ပုံပညာ နှီးနှောဖလှယ်ပွဲကျင်းပမည်ဖြစ်ရာ "EOS Movie Seminar" ခေါင်းစဉ်ဖြင့် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်တွင် နိုဝင်ဘာ ၉ ရက် မွန်းလွဲပိုင်း၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါနှီးနှောဖလှယ်ပွဲတွင် Canon Singapore Pte.,Ltd. မှ ကျွမ်းကျင်ပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာ ဓာတ်ပုံပညာရှင်များက မြန်မာဓာတ်ပုံပညာရှင်များနှင့် အတူလက်တွေ့ရိုက်ကူး၍ နှီးနှောဖလှယ်ဆွေးနွေးကြမည်ဖြစ်ရာ Canon EOS Camera အသုံးပြုသူများသည် မသောဇီဝင်း၊ မခိုင်ဇာထက် ဖုန်း-၀၁-၂၀၂၀၉၂ ~ ၉၆၊ ၀၁-၂၉၅၃၁၇၊ ၀၁-၂၉၅၂၈၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ယွီလင်မြို့အကြီးအကဲ ပါတီကော်မတီအတွင်းရေးမှူး Mr. Jin Xiang Jun တွေ့ဆုံနှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယွီလင်မြို့အကြီးအကဲ ပါတီကော်မတီအတွင်းရေးမှူး Mr. Jin Xiang Jun သည် အောက်တိုဘာ ၂၂ ရက် ညနေပိုင်းတွင် ယွီလင်မြို့ရှိ Yulin Hotel ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ကြပြီး ယွီလင်မြို့အကြီးအကဲ ပါတီကော်မတီအတွင်းရေးမှူး Mr. Jin Xiang Jun နှင့်အတူ ယွီလင်မြို့တော်ဝန် မစ္စတာ ဟန်ယွန်လီနှင့် ယွီလင်မြို့ ပါတီနှင့် အုပ်ချုပ်ရေးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံရာ၌ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း၊ အလတ်စား၊ အသေးစားစက်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံရေးနှင့်ပတ်သက်၍ ယွီလင်ဒေသနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များကို ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။ (သတင်းစဉ်)



ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးအား ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယွီလင်မြို့အကြီးအကဲ ပါတီကော်မတီအတွင်းရေးမှူး Mr. Jin Xiang Jun လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

# ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး နန်နင်းမြို့၌ မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တရုတ်-အာဆီယံ စီးပွားရေးဇုန်ရှိ မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

ဒုတိယသမ္မတ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် နံနက် ၉ နာရီ ၁၀ မိနစ်တွင် မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံးသို့ရောက်ရှိကြရာ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံး မြေညီထပ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ကြိုတင်ရောက်ရှိနေကြသော ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံသည်။





### တွေ့ဆုံမှာကြား

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မြန်မာကောင်စစ်ဝန်ချုပ်ရုံး(နန်နင်းမြို့)မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပညာတော်သင် မြန်မာကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတက နန်နင်းကုန်စည်ပြပွဲတွင် အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးနှင့် နောင်နှစ်၌ မိမိတို့နိုင်ငံသည် Country of Honour အဖြစ် ဆောင်ရွက်ရမည်ဖြစ်ရာ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်လေ့လာဆောင်ရွက်ရန်ကိစ္စများကို မှာကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မြန်မာကုန်သွယ်ရေးကိုယ်စားလှယ်ရုံး မြေညီထပ်ရှိ Exhibition Hall အတွင်း ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန်ပဲအမျိုးမျိုးနှင့် ဆန်စပါးနမူနာများ၊ မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းနမူနာများကို လည်းကောင်း၊ Show Room အတွင်း ခင်းကျင်းပြသထားသည့် မြန်မာမှုလက်ရာ လက်ဝတ်ရတနာများ၊ ရွှေချည်ထိုးနှင့် ပန်းပုလက်ရာများကို လည်းကောင်း ကြည့်ရှုလေ့လာသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး (နန်နင်းမြို့) သို့ ရောက်ရှိကြရာ ဒုတိယသမ္မတအား မြန်မာကလေးငယ်နှစ်ဦးတို့က ဂုဏ်ပြုပန်းစည်းပေးအပ်ကြပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် မြန်မာကောင်စစ်ဝန်ချုပ်ရုံး(နန်နင်းမြို့)မှ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပညာတော်သင် မြန်မာကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံသည်။

ဒုတိယသမ္မတက ဝန်ထမ်းများအား တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်ခိုင်မြဲအောင် ဆောင်ရွက်ရေး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ရောက်ရှိနေကြသည့် မိမိနိုင်ငံသားများနှင့် အမြဲမပြတ် ထိတွေ့ဆက်ဆံရေးနှင့် ကာကွယ်စောင့်ရှောက်ရေး၊ ပညာတော်သင်များအနေဖြင့် မိမိတို့သင်ယူသည့် ဘာသာရပ်ဆိုင်ရာများကို ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်အောင် သင်ယူလေ့လာရေး မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင် ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ရာ မြန်မာကောင်စစ်ဝန်ချုပ်နှင့် ဇနီး၊ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်မြန်မာကျောင်းသားတစ်ဦးတို့က လက်ခံကြသည်။ (သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအထွေထွေဗျူရိုမှ ဒုတိယဝန်ကြီးနှင့်အဖွဲ့ MRTV-4 နှင့် SKY NET ရုပ်သံလိုင်းများသို့ သွားရောက်လေ့လာ



**ရန်ကုန် အောက်တိုဘာ ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်အသံလွှင့်၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအထွေထွေဗျူရိုမှ ဒုတိယဝန်ကြီး မစ္စတာ ထျင်ကျင့် ဦးဆောင်သည့် လေ့လာရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Gao Hua နှင့် CCTV မှ တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ Forever Group MRTV-4 သို့ ရောက်ရှိကြရာ MRTV-4 ( Forever Group) မှ CEO ဦးဝင်းမော်နှင့် တာဝန်ရှိသူများက MRTV-4 ရုပ်သံအစီအစဉ်များ ထုတ်လွှင့်နေမှုများနှင့် MRTV-4 ရုပ်သံလိုင်း (၇)နှစ်မြောက် အခမ်းအနားကျင်းပခဲ့မှုများကို ရှင်းလင်းပြသပြီး MRTV- 4 ရုပ်သံလိုင်းများ ရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်းနှင့် ထုတ်လွှင့်နေမှုတို့ကို လှည့်လည်ပြသသည်။**(အပေါ်ပုံ)**

ထိုမှတစ်ဆင့် ဗိုလ်တထောင်မြို့နယ် ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်၏ SKY NET သို့ ရောက်ရှိကြရာ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် SKY NET ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက ကုမ္ပဏီအကြောင်းနှင့် SKY NET ရုပ်သံလိုင်းထုတ်လွှင့်နေမှုအစီအစဉ်များကို ရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော်ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် SKY NET ရုပ်သံလိုင်းများရိုက်ကူးခြင်း၊ တည်းဖြတ်ခြင်းနှင့် ထုတ်လွှင့်နေမှုများကို ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

# ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး

**ရန်ကုန် အောက်တိုဘာ ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ဆော်ဒီအာရေဗျနိုင်ငံ သံရုံးသို့ သွားရောက်၍ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၂ ရက် (စနေနေ့)တွင် ကွယ်လွန်ခဲ့သော ဆော်ဒီအာရေဗျနိုင်ငံမှ His Royal Highness, Crown Prince Sultan Bin Abdul Aziz Saud, Deputy Prime Minister and Minister of Defence and Aviation and Inspector General အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

အလားတူ ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်သည် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပါကစ္စတန်နိုင်ငံသံရုံးသို့ သွားရောက်၍ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၃ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ခဲ့သော ပါကစ္စတန်နိုင်ငံမှ Begum Nusrat Buhtto, former First Lady of Pakistan, former Senior Minister and mother of former Prime Minister of Pakistan Mohtarma Benazir Buhtto အတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။**(အောက်ပုံ)**

(သတင်းစဉ်)






(၈)ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

## မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၈

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မုံရွာမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ မိုးကုတ်မြို့တွင် သုည ဒသမ ၈၃ လက်မနှင့် မြိတ်မြို့တွင် သုည ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

## ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ယွိလင်မြို့ရှိ တရုတ်မို ၁၀၀၀ အထွက်တိုးစပါး စိုက်ပျိုးရေးလုပ်ငန်းနှင့် စံပြကြံစိုက်ပျိုးရေးလုပ်ငန်းများကို ကြည့်ရှုလေ့လာ

နေပြည်တော် အောက်တိုဘာ ၂၈

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်နယ်နိုင်ငံရေးအတိုင်ပင်ခံလွှတ်တော်ဒုတိယဥက္ကဋ္ဌ မစ္စတာလီပင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာတို့ လိုက်ပါလျက် အောက်တိုဘာ ၂၂ ရက်တွင် ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ယွိလင်မြို့၌ စိုက်ပျိုးရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုလေ့လာသည်။

ဒုတိယသမ္မတ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲ ၁ နာရီခွဲတွင် နန်နင်းမြို့မှ အထူးမော်တော်ယာဉ်တန်းဖြင့် ထွက်ခွာခဲ့ပြီး ယွိလင်မြို့ Yuzhou ခရိုင် Young Shong ကျေးရွာရှိ တရုတ်မို ၁၀၀၀ အထွက်တိုးစပါး စံပြစိုက်ခင်းသို့ ညနေပိုင်းတွင် ရောက်ရှိကြရာ ယွိလင်မြို့တော်ဝန် မစ္စတာဟန်ယွန်လီနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတအား ယွိလင်မြို့ စိုက်ပျိုးရေးဌာနမှ နည်းပညာကျွမ်းကျင်သူ Ms. Deng Nai Ying က တရုတ်မို ၁၀၀၀ အထွက်တိုးစပါး ပျိုးထောင်စိုက်ပျိုးမှုအဆင့်ဆင့်နှင့် ထွက်ရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့က သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ယွိလင်မြို့ Fu Mian ရွာရှိ စံပြ ကြံအထူးအထွက်တိုးစိုက်ခင်းသို့ ရောက်ရှိကြရာ စိုက်ခင်းတာဝန်ခံက ကြံပျိုးထောင်စိုက်ပျိုးမှုအဆင့်ဆင့်၊ နည်းပညာနှင့် ဓာတ်မြေဩဇာအသုံးပြုမှုနှင့် ထွက်ရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် ဒုတိယဝန်ကြီး ဦးအုန်းသန်းတို့က သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ယွိလင်မြို့ရှိ Yulin Hotel သို့ ရောက်ရှိကြရာ ယွိလင်မြို့အကြီးအကဲ ပါတီကော်မတီအတွင်းရေးမှူး Mr. Jin Xiang Jun နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

(သတင်းစဉ်)

## ကြည့်ရှုလေ့လာ

**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ယွိလင်မြို့ Fu Mian ရွာရှိ စံပြ ကြံအထူးအထွက်တိုး စိုက်ခင်းကို ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)







**ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ယွိလင်မြို့ Yuzhou ခရိုင် Young Shong ကျေးရွာရှိ တရုတ်မို ၁၀၀၀ အထွက်တိုးစပါး စံပြစိုက်ခင်းကို ကြည့်ရှုလေ့လာစဉ်။** (သတင်းစဉ်)

## နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၂၈

ပခုက္ကူခရိုင်အတွင်း ရေဘေးသင့်ကျေးရွာများ၌ နယ်မြေခံတပ်မှ တပ်မတော်သားများ၏ စုပေါင်းအင်အားဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့ ရွှေကံသာအမှတ်(၃) ရပ်ကွက်ရှိ ရေလွှမ်းမိုးခြင်းခံရသော အဆောက်အအုံများတွင် အပျက်အစီးများနှင့် အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်း၊ လမ်းများသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် လမ်းများပြန်လည်ပြုပြင်ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများက စုပေါင်းဆောင်ရွက်ကြရာ တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့အပြင် ဆိပ်ဖြူမြို့နယ် တောင်ရွာမကျေးရွာတွင်လည်း စနစ်တကျစုပုံထားပြီးဖြစ်သော ထောက်ပံ့ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ ခွဲဝေပေးခြင်း၊ ကျေးရွာများအတွင်းရှိ လမ်းများအား နယ်မြေခံတပ်မတော်သားများက ပြုပြင်ဆောင်ရွက်ခြင်း၊ တပ်မတော်ဆေးကုသရေးအဖွဲ့များက ရေဘေးသင့်ပြည်သူများအား ဆေးဝါးကုသပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဆိပ်ဖြူမြို့နယ် ကံကွင်းကျေးရွာအုပ်စု ဆင်လမ်းချောင်းကျေးရွာတွင်လည်း စာသင်ကျောင်းဆောင်အတွင်း ရေလွှမ်းမိုးမှုကြောင့် နုန်းမြေများဖုံးအုပ်သွားသော နေရာများအား နုန်းမြေများဖယ်ရှားခြင်းနှင့် ကျောင်းဝင်းအတွင်း/အပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျေးရွာအတွင်း ပျက်စီးသွားသော လမ်းများအား ပြုပြင်ဆောင်ရွက်ခြင်းတို့ကို နယ်မြေခံတပ်မတော်သားများက အင်တိုက်အားတိုက် စုပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**❁ ကျောဖုံးမှ**

ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ကြိုဆို၊ ပင့်ဆောင်ပူဇော်နိုင်ရေးကိုစီစဉ်ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်းဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးနာယက ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိသာသနာရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က ဗုဒ္ဓမြတ်စွယ်တော်အား ခမ်းနားသိုက်မြိုက်စွာ ပူဇော်ပင့်ဆောင်နိုင်ရန် စီစဉ်ထားရှိမှု၊ အများပြည်သူများ စိတ်ချမ်းမြေ့စွာ ဖူးမြော်နိုင်ရေး၊ လှူဒါန်းနိုင်ရေးတို့အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ဗုဒ္ဓမြတ်စွယ်တော်အား အများပြည်သူများ ကြည်ညိုသဒ္ဓါပွားများနိုင်ရန် ပင့်ဆောင်ပူဇော်နိုင်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းညှိနှိုင်း ဆောင်ရွက်ထားရှိမှုများ၊ မန္တလေးတိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီးဌာနဝန်ကြီး ဦးသန်းစိုးမြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းတို့က ဗုဒ္ဓမြတ်စွယ်တော်ကို ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်နှင့် မန္တလေးမြို့ မဟာအတုလဝေယံ(အတုမရှိ) ကျောင်းတော်ကြီးတို့၌ အပူဇော်ခံထားရှိမည့် အစီအမံများ၊ ပြည်သူအများ စိတ်အေးချမ်းစွာ ကြည်ညိုသဒ္ဓါပွားများနိုင်ရေးနှင့် ဗုဒ္ဓမြတ်စွယ်တော်အား ခမ်းနားသိုက်မြိုက်စွာ ပင့်ဆောင်ပူဇော်နိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဆပ်ကော်မတီဥက္ကဋ္ဌများနှင့်တာဝန်ရှိသူများက ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စံပယ်မည့် ဂန္ဓကုဋီတိုက်တည်ဆောက်မှု၊ အခမ်းအနား ပြင်ဆင်မှု၊ မော်တော်ယာဉ်များ ပြင်ဆင်မွမ်းမံမှု၊ ဧည့်ခံကျွေးမွေးမှု၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားမှု၊ ဘဏ္ဍာရေး၊ သယ်ယူပို့ဆောင်ရေး၊ ပြန်ကြားရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များဖြင့် ပူဇော်မှုစီစဉ်ရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နာယကအဖွဲ့ဝင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ ဦးစီးကော်မတီဝင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးအတွက် ဖွဲ့စည်းထားသည့် ဆပ်ကော်မတီအသီးသီးက ရေးဆွဲထားသည့် စီမံချက်များနှင့်အညီ လုပ်ငန်းများအားလုံးနီးပါး ပြည့်စုံအောင် ဆောင်ရွက်ပြီးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထပ်မံဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်း အချိန်မီ ဖြည့်စွက်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ အထူးသဖြင့် လုံခြုံရေးအပိုင်းကို သေချာစွာဆောင်ရွက်ရန် ထပ်မံမှာကြားလိုကြောင်း၊ စီမံချက်များ မည်မျှပြည့်စုံနေစေကာမူ တာဝန်ရှိပုဂ္ဂိုလ်များအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြမှသာ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ လုပ်ငန်းလိုအပ်ချက်များကို ပိုမိုပြည့်စုံစေရန် ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ ရဟန်းရှင်လူ ပြည်သူအပေါင်း စိတ်ချမ်းမြေ့စွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ဒီဇင်ဘာ ၂၄ ရက်အထိ စုစုပေါင်း ၄၈ ရက် တိုင်တိုင် အပူဇော်ခံထားရှိသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၄ ရက်တွင် မန္တလေးမြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ပင့်ဆောင်သွားမည်ဖြစ်သည်။

ထိုသို့ အပူဇော်ခံထားရှိရာတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီလိုဏ်ဂူတော်၌ နိုဝင်ဘာ ၆ ရက်မှ ၂၁ ရက်အထိ လည်းကောင်း၊ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိလည်းကောင်း၊ မန္တလေးမြို့ မဟာအတုလဝေယံ (အတုမရှိ)ကျောင်းတော်ကြီး၌ ဒီဇင်ဘာ ၈ ရက်မှ ၂၃ ရက်အထိလည်းကောင်း နေ့စဉ် နံနက် ၆ နာရီမှ ည ၉ နာရီအထိ အပူဇော်ခံထားရှိသွားမည် ဖြစ်သည်။ ထိုကာလများအတွင်း ရဟန်းရှင်လူပြည်သူများ အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် တက္ကစီယာဉ်စခန်းများ၊ ဘတ်စ်ကားများ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ဗုဒ္ဓမြတ်စွယ်တော်အား အလှူတော်ငွေနှင့် ရွှေ၊ ငွေ၊ လက်ဝတ်ရတနာပစ္စည်းများ ထည့်ဝင်လှူဒါန်းလိုပါကလှူဒါန်းနိုင်ရန်အတွက် ဗုဒ္ဓမြတ်စွယ်တော် အလှူခံပုံးများနှင့် အလှူခံမဏ္ဍပ်များ ထားရှိဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော်အား ပြည်သူအများ လာရောက်ဖူးမြော်ကြည်ညိုရာတွင် မြတ်ဗုဒ္ဓနှင့် မြတ်ဗုဒ္ဓ၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်ကို အဂါရဝဖြစ်စေမည့် ဝတ်စားဆင်ယင်မှု၊ အပြုအမူ အပြောအဆိုများကို အထူးဂရုပြုရှောင်ကြဉ်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်အညီ ဖူးမြော်ကြည်ညိုသွားကြရန်လည်း သက်ဆိုင်ရာက နှိုးဆော်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# လေဖြတ်ရောဂါအကြောင်း သိကောင်းစရာများ

**တွဲဖက်ပါမောက္ခ ဒေါက်တာဖြူဖြူလေး**
**(ဦးနှောက်နှင့် အာရုံကြော)**

၂၀၁၁ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့သည် ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့(World Stroke Day) ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ် **"ကမ္ဘာ့ လေဖြတ်ရောဂါ ကာကွယ်ရေးနေ့"**အတွက် မြန်မာနိုင်ငံ၏ ဆောင်ပုဒ်၊ ကြွေးကြော်သံမှာ **"လေဖြတ်ရောဂါ သတိပြုလို့၊ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်စို့"** ဟူ၍ ဖြစ်ပါသည်။

"အာရောဂျံ၊ ပရမံ၊ လာဘံ" ဟူသော ဆိုရိုးစကားနှင့်အညီ ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်ပါသည်။ ထို့ပြင် ကျန်းမာခြင်းသည် လူတိုင်းအတွက် အခြေခံလိုအပ်ချက်ဖြစ်ပါသည်။ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်၊ သန်စွမ်း၍ အသက်ရှည်ရှည်နေနိုင်ခြင်းသည် အနှိုင်းမဲ့ဆုလာဘ်တစ်ပါး ဖြစ်ပါသည်။ ကျန်းမာခြင်း၊ ခန္ဓာကိုယ် ကျန်းမာကြံ့ခိုင်သန်စွမ်းခြင်းတို့၏တန်ဖိုးကို မကျန်းမာသောအခါ၊ မသန်မစွမ်းဖြစ်သောအခါတွင်မှ ပို၍သိနားလည်လာကြပါသည်။

လေဖြတ်ရောဂါသည် ကမ္ဘာတစ်ဝန်းတွင် သေဆုံးခြင်း၏ အဓိကအကြောင်းအရင်းဖြစ်သကဲ့သို့ နာတာရှည် မသန်မစွမ်းဖြစ်ကျန်ရစ်စေသော အကြောင်းအရင်းတွင်လည်း အဓိက အကြောင်းအရင်းတစ်ခု ဖြစ်ပါသည်။

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးအဖွဲ့ကြီး (World Stroke Organization) ၏ အဆိုအရ ကမ္ဘာပေါ်တွင် လူခြောက်ဦးလျှင် တစ်ဦးနှုန်း တစ်ချိန်ချိန်၌ လေဖြတ်ရောဂါ ဖြစ်နိုင်ပါသည်။ အချိန်ခြောက်စက္ကန့်တိုင်းတွင် လေဖြတ်ရောဂါကြောင့် လူတစ်ဦးနှုန်း သေဆုံးနေပါသည်။ အသက်အရွယ် ကျား၊မ မရွေး၊ လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး၊ စက္ကန့်မလပ် လေဖြတ်ရောဂါဖြစ်နိုင်ပါသည်။ ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ ၁၅ သန်းခန့် လေဖြတ်ရောဂါခံစားနေရပြီး ၎င်းတို့အနက် ခြောက်သန်းခန့်မှာ အသက်ဆုံးရှုံးနေပါသည်။ ယခုအခါ လူဦးရေ သန်း ၃၀ ခန့်သည် လေဖြတ်ရောဂါ ဖြစ်ခဲ့ပြီး အများစုမှာ နာတာရှည် မသန်မစွမ်း ဖြစ်ကျန်နေခဲ့ပါသည်။ လေဖြတ်ရောဂါ ခံစားကြရသည့် လူနာများ၏ ၈၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ဦးနှောက်နှင့်အာရုံကြောအထူးကုဌာနများတွင် ဆေးရုံတက်ရောက်ကုသသည့် အတွင်းလူနာများ၏ ၃၅ ရာခိုင်နှုန်းသည် လေဖြတ်ရောဂါ ခံစားနေကြရသည့်လူနာများ ဖြစ်နေသည်ကို တွေ့ရှိရပါသည်။

ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (World Health Organization) ၏ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာလေဖြတ်ရောဂါအသင်းကြီး (International Stroke Society)နှင့် ကမ္ဘာ့ဦးနှောက်နှင့် အာရုံကြောရောဂါစုပေါင်းအဖွဲ့ကြီး (World Federation of Neurology)တို့ ပူးပေါင်းပြီး ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေး အဖွဲ့အစည်းကြီး (World Stroke Organization) ကို ၂၀၀၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ယင်းအဖွဲ့ကြီးက နှစ်စဉ် အောက်တိုဘာလ ၂၉ ရက်နေ့ကို "ကမ္ဘာ့ လေဖြတ်ရောဂါကာကွယ်ရေးနေ့ "(World Stroke Day)အဖြစ်သတ်မှတ်ကာ ကမ္ဘာတစ်ဝန်းရှိနိုင်ငံများတွင် "ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့" အခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါသည်။

လေဖြတ်ရောဂါသည် အရေးပေါ် ကုသရန်လိုအပ်သော ရောဂါဖြစ်ပါသည်။ လေမဖြတ်မီ ကြိုတင်သတိပေးသည့် ရှေ့ပြေးလက္ခဏာများရှိပါသည်။ ထိုလက္ခဏာများသည် ၂၄ နာရီအတွင်း ပြန်ကောင်းသွားတတ်ပါသည်။ ထိုလက္ခဏာများထဲမှ တစ်မျိုးမျိုးကိုခံစားရလျှင် ချက်ချင်း စနစ်တကျ ကုသမှုကိုခံယူရန် လိုအပ်ပါသည်။ သို့မဟုတ်ပါက အချိန်ကြာလာသည်နှင့်အမျှ ဦးနှောက်၏လုပ်ငန်းဆောင်တာများ ရပ်ဆိုင်းပြီး လေဖြတ်ခြင်းအဆင့်သို့ ရောက်ရှိနိုင်ပါသည်။

ထို့ကြောင့် လေမဖြတ်မီ ကြိုတင်သတိပေးသည့် ရှေ့ပြေးလက္ခဏာများကို သိရှိထားရန် လိုအပ်ပါသည်။ ၎င်းတို့မှာ-

- **ရုတ်တရက် မျက်နှာ၊ လက်၊ ခြေတစ်ဖက် ထုံခြင်း၊ လေးလံခြင်း၊**
- **ရုတ်တရက် စကားပြောမရခြင်း၊ ပြောသောစကားကို နားမလည်ခြင်း၊ စကားဗလုံးဗထွေးဖြစ်ခြင်း၊**
- **ရုတ်တရက် အမြင်အာရုံဝေဝါးခြင်း၊ နှစ်ထပ်ဖြစ်ခြင်း၊**
- **ရုတ်တရက် လမ်းမလျှောက်နိုင်တော့ခြင်း၊ ဒယီးဒယိုင်ဖြစ်ခြင်း၊**
- **ရုတ်တရက် မူးဝေခြင်း၊**
- **ရုတ်တရက် အကြောင်းမဲ့ ပြင်းထန်စွာ ခေါင်းကိုက်ခြင်း** တို့ဖြစ်ပါသည်။

လေဖြတ်ရောဂါ၏လက္ခဏာများမှာ-

- **မျက်နှာ၊ လက်၊ ခြေတစ်ဖက်ထုံခြင်း၊ လေးလံခြင်း၊ လုံးဝမလှုပ်ရှားနိုင်တော့ခြင်း၊**
- **စကားပြောဆို ဆက်ဆံရာတွင် အခက်အခဲရှိပြီး၊**
- **အစာ၊ ရေ မျိုရခက်ခြင်း၊**
- **ဆီး၊ ဝမ်း၊ မထိန်းနိုင်ခြင်း၊**
- **ထိတွေ့မှု အာရုံပျက်ယွင်းခြင်း၊**
- **အမြင်အာရုံချို့ယွင်းခြင်း၊**
- **မှတ်ဉာဏ် ချို့ယွင်းခြင်း၊ အာရုံ စူးစိုက်မှုအားနည်းခြင်း၊**
- **စိတ်မထိန်းချုပ်နိုင်ခြင်း၊**
- **မျက်ဖြူလန်၍ တက်ခြင်း၊ သတိလစ်မေ့မြောခြင်း** တို့ဖြစ်သည်။

လေဖြတ်ရောဂါလက္ခဏာများကို ခံစားရပါက အချိန်နှင့်တစ်ပြေးညီ အလျင်အမြန် ကုသမှုခံယူရန် အရေးကြီးပါသည်။ ကျွမ်းကျင်သော ဆရာဝန်၊ သူနာပြု၊ အကြောအဆစ် ပြန်လည်သန်စွမ်းရေး ကျွမ်းကျင်သူများရှိသော လေဖြတ်ရောဂါ အထူးကုဌာန (သို့) ဆေးရုံသို့ အမြန်ဆုံး သွားရောက်ကုသမှုခံယူသင့်ပါသည်။ ထိုသို့ စနစ်တကျ ကုသခြင်းဖြင့် အသက်ဆုံးရှုံးမှုမှ လွတ်မြောက်ခြင်း၊ ခန္ဓာကိုယ် ပြန်လည်သန်စွမ်းမှုနှုန်းမြန်ပြီး လှုပ်ရှားမှုများကောင်းမွန်လာခြင်း စသော ကောင်းကျိုးများကို ခံစားနိုင်မည် ဖြစ်ပါသည်။

လေဖြတ်ရောဂါ ခံစားပြီးသော လူနာများ၏ အများစုမှာ မသန်မစွမ်းဖြစ်ပြီး ကျန်ရစ်သောကြောင့် ၎င်းတို့ကို သင့်တင့်လျောက်ပတ်သော ရေရှည်ပံ့ပိုး ပြုစုစောင့်ရှောက်မှုပေးရန် လိုအပ်ပါသည်။ အကြော၊ အဆစ်၊ ကြွက်သားများ ပြန်လည်သန်စွမ်းလာစေရန် လေ့ကျင့်ခန်းများကို နည်းစနစ်ကျစွာ စိတ်ရှည်စွာနှင့် မှန်မှန်ပြုလုပ်ပေးရန် လိုအပ်ပါသည်။ ထိုသို့ ပြုလုပ်ပေးခြင်းဖြင့် မိမိ၏ နိစ္စဓူဝ လုပ်ငန်းဆောင်တာများကို မိမိကိုယ်တိုင် လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ပိုမိုကောင်းမွန်သော ဘဝအရည်အသွေးကို ရရှိမည်ဖြစ်ပါသည်။

ထို့ပြင် လေဖြတ်လူနာများသည် စိတ်ကျရောဂါ၊ စိတ်တို၊ စိတ်ဆိုးလွယ်သော စိတ်ပိုင်းဆိုင်ရာ ဝေဒနာများလည်း ခံစားရနိုင်ပါသည်။ ၎င်းလူနာများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ဘဝအရည်အသွေး မြင့်မားရန်အတွက် မိသားစု၊ မိတ်ဆွေ၊ အသိုင်းအဝိုင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၏ အားပေးကူညီမှု အမြဲရရှိရန် လိုအပ်ပါသည်။

လေဖြတ်လူနာများသည် နောက်တစ်ကြိမ်လေဖြတ်ရန် အခွင့်အလမ်းပိုများသောကြောင့် တတ်ကျွမ်းနားလည်သော




ကျန်းမာရေးဝန်ထမ်းများ၏ ပုံမှန်စောင့်ရှောက်မှုခံယူရန် အရေးကြီးပါသည်။ ၎င်း၌ရှိသော လေဖြတ်စေနိုင်သော အကြောင်းအရင်းများကို ထိရောက်စွာ ကုသခြင်း၊ ကျန်းမာရေးအသိနှင့်ယှဉ်သော နေထိုင်မှုပုံစံတို့ကို လိုက်နာခြင်း၊ ခန္ဓာကိုယ် ပြန်လည်သန်စွမ်းရေး လေ့ကျင့်ခန်းများကို ပုံမှန်လုပ်ပေးခြင်းဖြင့် နောက်တစ်ကြိမ်လေထပ်မဖြတ်ရန် ကာကွယ်နိုင်ပါသည်။

လေဖြတ်ရောဂါသည် ကာကွယ်နိုင်သော ရောဂါတစ်ခုဖြစ်သည်။ လေဖြတ်ရောဂါကို ကာကွယ်နိုင်ရန် လူတိုင်း လုပ်ဆောင်နိုင်သည့်အချက် (၆) ချက် ရှိပါသည်။ ၎င်းတို့မှာ-

(၁) **လေဖြတ်ခြင်းကို ဖြစ်စေနိုင်သော အကြောင်းအရင်းများကို သိရှိနားလည်ပြီး မိမိတွင် ထိုအကြောင်းအရင်းများရှိပါက စနစ်တကျ ကုသမှုခံယူပါ။ (ဥပမာ- သွေးတိုးရောဂါ၊ သွေးချိုရောဂါ သွေးအတွင်း အဆီဓာတ်များခြင်း)**

(၂) **ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကို မှန်မှန်လုပ်ပါ။**

(၃) **ကျန်းမာရေးနှင့် ညီညွတ်သော အစာအာဟာရများကို စားသုံးခြင်းဖြင့် အဝလွန်ခြင်းကို ရှောင်ကြဉ်ပါ။**

(၄) **အရက်အလွန်အကျွံသောက်ခြင်းမှ ရှောင်ကြဉ်ပါ။**

(၅) **ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ပါ၊ ဆေးလိပ်သောက်သူဖြစ်ပါက ယခုဖြတ်နိုင်အောင် ကြိုးစားပါ။**

(၆) **လေဖြတ်ရောဂါ၏ရှေ့ပြေးလက္ခဏာများကို သိရှိရန် လေ့လာပါ။**

**ထိုလက္ခဏာများ ဖြစ်ပေါ်လာပါက ဆောလျင်စွာ စနစ်တကျ ကုသမှုခံယူပါ** စသည်တို့ ဖြစ်ပါသည်။

အထက်ပါ အချက်များသည် တစ်နည်းအားဖြင့်ဆိုသော် အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများ ဖြစ်ပါသည်။

လေဖြတ်ခြင်းသည် နှလုံးသွေးကြော ဆိုင်ရာရောဂါနှင့်လည်း ဆက်စပ်နေသဖြင့် နှလုံးသွေးကြောပိတ်သူများ၊ နှလုံးရောဂါအခံရှိသူများ၊ နှလုံးခုန်မမှန်သောသူများသည် လေဖြတ်ရောဂါမဖြစ်ပွားအောင် ကာကွယ်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု မှန်မှန်ခံယူရန်လိုအပ်ကြောင်း ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးအဖွဲ့မှ အကြံပြုထားပါသည်။

ယခုနှစ် ၂၀၁၁တွင်လည်း "ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့" ကို အခြားကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ခမ်းနားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။ ယင်းနေ့တွင် အစိုးရအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ အဖွဲ့အစည်းများ၊ ဆေးရုံများ၊ ဦးနှောက်နှင့် အာရုံကြောဌာနများ၊ ဆေးကုမ္ပဏီများနှင့် အခြားလူမှုရေးအဖွဲ့များလည်း ပူးပေါင်း၍ ဦးနှောက်နှင့် အာရုံကြောရောဂါဆိုင်ရာ ပါမောက္ခများက လေဖြတ်ရောဂါအကြောင်း ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ပညာပေးဗီဒီယိုပြသခြင်းတို့ကို ပြုလုပ်ပါမည်။ ထို့အပြင် အခမ်းအနားတက်ရောက်လာသူများကို သွေးတိုးရောဂါ၊ဆီးချိုရောဂါ၊ နှလုံးရောဂါရှိ /မရှိ စစ်ဆေးမှုများ ပြုလုပ်ပေးမည်ဖြစ်ပြီး ယင်းသို့စစ်ဆေးသူများထဲမှ လေဖြတ်ရောဂါ အန္တရာယ်ရှိနိုင်သူများအား E.C.G, Blood for Complete Picture, Cholesterol, Triglycerides, Uric Acid, Urea, Creatine တို့ကိုသွေးဖောက်စစ်ဆေးပေးမည် ဖြစ်ပါသည်။

လေဖြတ်ခြင်းသည် နာတာရှည်ရောဂါဖြစ်ပြီး လူ့ဘဝသက်တမ်းတစ်လျှောက်တွင် အချိန်မရွေးဖြစ်နိုင်သော ရောဂါဖြစ်ပါသည်။ လူငယ်များတွင်ဖြစ်လျှင် မိသားစုအတွက်၊ တိုင်းပြည်အတွက် ၎င်းတို့၏နုနယ်ပျိုမျစ် ရှင်သန်တက်ကြွလန်းဆန်းနေသော ထက်မြက်၍တန်ဖိုးရှိသည့် စွမ်းဆောင်ရည်များ ဆုံးရှုံးရသကဲ့သို့ သက်ကြီးရွယ်အိုများတွင်ဖြစ်လျှင် ၎င်းတို့မိသားစုအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး လူမှုဘဝပတ်ဝန်းကျင်တွင် ၎င်းတို့၏တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်နိုင်မှုများလည်း ဆုံးရှုံးရမည် ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့လေဖြတ် ရောဂါကာကွယ်ရေးအဖွဲ့ (World Stroke Organization)ကြီးက ကမ္ဘာ့ လေဖြတ်ရောဂါကာကွယ်တိုက်ဖျက်ရေးအဖွဲ့ (World Stroke Campaign) ဖွဲ့၍ ၎င်းဆောင်ပုဒ်ဖြစ်သော "STOP STROKE, ACT NOW" အတိုင်း ဆောင်ရွက်နေသကဲ့သို့ ကျွန်ုပ်တို့လည်း တစ်ဦးချင်းမှ တစ်မိသားစု၊ မိမိ၏ပတ်ဝန်းကျင်မှသည် တစ်ပြည်လုံး အတိုင်းအတာအထိ လေဖြတ်ရောဂါ မဖြစ်စေရန် ကြိုတင်ကာကွယ်ခြင်းများကို ကြိုးပမ်းလုပ်ဆောင်ကြခြင်းဖြင့် လေဖြတ်ရောဂါဒဏ်ကို ခံစားရမှုနှုန်းများ လျော့ကျသွားပြီး လူမှုဘဝ ပတ်ဝန်းကျင်ကို သာယာဝပြောအောင် တစ်ဖက်တစ်လမ်းမှ စွမ်းဆောင်နိုင်မည် ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုသော် အောက်တိုဘာလ ၂၉ ရက်နေ့တွင် ကျရောက်သော **"ကမ္ဘာ့လေဖြတ်ရောဂါ ကာကွယ်ရေးနေ့"**သည် ကမ္ဘာနှင့်အဝန်း လေဖြတ်ရောဂါဖြစ်ပွားနေမှုနှုန်းနှင့် လေဖြတ်ရောဂါဒဏ်ကို ခံစားနေရသောသူများ လက်တွေ့လူနေမှုဘဝတွင် အများအပြားရှိနေသည်ကို အသိပေးရုံမက ဤရောဂါသည် **"ကာကွယ်နိုင်သည်၊ ကုသနိုင်သည်၊ လေဖြတ်ပြီးသောသူများကိုလည်း ပြန်လည်သန်စွမ်းလာအောင် ကူညီပံ့ပိုးမှု၊ ပြုစုစောင့်ရှောက်မှုများပေးနိုင်သည်"**ကို မီးမောင်းထိုးပြသည့် တန်ဖိုးရှိသော နေ့တစ်နေ့ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။





**အမှာစကားပြောကြား**

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေး နာယက ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း တရုတ်ပြည်သူ့ သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေးနှင့်ပတ်သက်ပြီး အထူးအလေးထား ပူးပေါင်းဆောင်ရွက်နေ မကြာမီ ဗုဒ္ဓမြတ်စွယ်တော်သည် တရုတ်နိုင်ငံ ပေကျင်းမြို့မှ မြန်မာနိုင်ငံ နေပြည်တော်သို့ ပင့်ဆောင်ရောက်ရှိလာမည် ထေရဝါဒဗုဒ္ဓဘာသာ ဓလေ့ထုံးစံများနှင့်အညီ ခမ်းခမ်းနားနား ထည်ထည်ဝါဝါ ကြိုဆိုပင့်ဆောင်ပူဇော်နိုင်ရေး ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ကွမ်ရှီးစုဘုရားကျောင်းတွင် ကိန်းဝပ်စံပယ်လျက်ရှိသော ဗုဒ္ဓဘုရားရှင်၏ အထက်လက်ဝဲဘက်မြတ်စွယ်တော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်ရေးလုပ်ငန်းကြီး၏ နောက်ဆုံးညှိနှိုင်းအစည်းအဝေးဖြစ်ပြီး သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းစီစဉ်ဆောင်ရွက်ထားရှိမှုများ အတော်ခရီးရောက်နေပြီဟု သိရှိရပါကြောင်း။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူအပေါင်း ဖူးမြော်ကြည်ညိုကုသိုလ်တရားပွားများနိုင်စေရန် နိုင်ငံတော်သမ္မတကြီး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွင်း၌ ဗုဒ္ဓမြတ်စွယ်တော်ကို မြန်မာနိုင်ငံသို့ ပင့်ဆောင်နိုင်ရေး ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုလိုပင့်ဆောင်ရာတွင် မြန်မာနိုင်ငံတစ်နံတစ်လျားမှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများ ဗုဒ္ဓမြတ်စွယ်တော်ကို လွယ်လင့်တကူ ဖူးမြော်ကြည်ညိုနိုင်စေရန် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များ၌ သတ်မှတ်ရက်များအတိုင်း သီတင်းသုံးအပူဇော်ခံသွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံပြည်သူများအနေဖြင့် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြည်ညိုလိုသည့် ဆန္ဒပြင်းပြသကဲ့သို့ တရုတ်နိုင်ငံအနေဖြင့် ဗုဒ္ဓမြတ်စွယ်တော်ကို အလွန်ကြည်ညိုလေးစားတန်ဖိုးထားပြီး အလေးအနက်ထားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ဗုဒ္ဓမြတ်စွယ်တော်ကို မဖူးမြော်ရသေးသည့် ဗုဒ္ဓဘာသာဝင်များ အစဉ်အဆက် ဖူးမြော်ပူဇော်နိုင်ရန်အတွက် လည်းကောင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးရှေးရှု၍ လည်းကောင်း၊ ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားသော မြန်မာနိုင်ငံ၏ သဒ္ဓါတရားကို လေးစားသောအားဖြင့် လည်းကောင်း မြန်မာနိုင်ငံသို့ ယခု စတုတ္ထအကြိမ် ကြွရောက်ပူဇော်ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ မိမိတို့အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးအကြိမ် နေပြည်တော်သို့ ကြွရောက်ပူဇော်ခံခြင်းလည်း ဖြစ်ပါကြောင်း။

ထို့ကြောင့် သက်ဆိုင်ရာဦးစီးကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ခြင်း၊ ဒေသစာရီကြွချီခြင်း၊ ပြန်လည်ပင့်ဆောင်ခြင်းလုပ်ငန်းကြီးကို အလေးအနက်ထားပြီး တာဝန်ယူ၊ တာဝန်ခံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့်လည်း ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးနှင့်ပတ်သက်ပြီး အထူးအလေးထား ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။

ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သာသနာရေးဗျူရို ရှေ့ပြေးလေ့လာရေးအဖွဲ့များသည် ၁၀-၈-၂၀၁၁ ရက်တွင် မြန်မာနိုင်ငံသို့ လာရောက်ကြည့်ရှုလေ့လာခဲ့ပြီး "မူ" အားဖြင့်လည်း သဘောတူညီမှုများ ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အပြင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရေး သဘောတူညီချက်စာချုပ် ချုပ်ဆိုရေးအဖွဲ့သည် ၂၈-၁၀-၂၀၁၁ ရက် ယနေ့တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ သဘောတူညီချက် စာချုပ်လက်မှတ်ရေးထိုးပြီး ဖြစ်ပါကြောင်း။

မကြာမီ ဗုဒ္ဓမြတ်စွယ်တော်သည် တရုတ်နိုင်ငံ ပေကျင်းမြို့မှ မြန်မာနိုင်ငံ နေပြည်တော်သို့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သောအဖွဲ့ဖြင့် ပင့်ဆောင်ရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့်လုပ်ငန်းများကို အပြီးသတ်ဆောင်ရွက်ကြရန် လိုအပ်ပြီဖြစ်ပါကြောင်း။

ယင်းသို့ဆောင်ရွက်ရာတွင် စေ့စေ့စပ်စပ်၊ သေသေချာချာဖြင့် ပြီးပြည့်စုံသည်အထိ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ဗုဒ္ဓမြတ်စွယ်တော်ကို နေပြည်တော်မှ ကြိုဆိုပူဇော်ရာတွင် လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ဒေသစာရီကြွချီရာတွင် လည်းကောင်း၊ မန္တလေးမြို့မှ ပေကျင်းမြို့သို့ ပြန်လည်ပင့်ဆောင်ရာတွင် လည်းကောင်း ထေရဝါဒဗုဒ္ဓဘာသာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❁

## ရှေးဦး သက်ရှိများ မူလစရာ ဂရင်းလန်ကျွန်းမှ ရှံ့မီးတောင်များ ဖြစ်နိုင်ဖွယ်ရှိ

ဇီဝသိပ္ပံ
အင်တာနက်သတင်း

**ပါရီ အောက်တိုဘာ ၂၈**

ကမ္ဘာ့သက်ရှိများသည် ဂရင်းလန်ကျွန်းရှိ ရွှံ့မီးတောင်များ၌ လွန်ခဲ့သော နှစ်ပေါင်း ၃ ဒသမ ၆ ဘီလီယံအတွင်း စတင်ဖြစ်တည်လာခဲ့ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဒေးလီးတယ်လီဂရပ် သတင်းစာက အောက်တိုဘာ ၂၇ ရက်တွင် ဖော်ပြသည်။

ဂရင်းလန်ကျွန်းအနောက်တောင်ဘက် အစ်ဆူအာဒေသရှိ ရွှံ့မီးတောင်များတွင် သက်ရှိများ ဖွဲ့စည်းဖြစ်တည်နိုင်ရေးအတွက် အလွန်အရေးပါသော ဓာတုဒြပ်စင်များကို လေ့လာတွေ့ရှိထားကြောင်း သုတေသနပညာရှင်များက ပြောကြားခဲ့သည်။

ကမ္ဘာပေါ်ရှိ သက်ရှိများသည် ပင်လယ်ရေအောက် ရေပူစီးကြောင်းများထဲ၌ စတင်တည်ခဲ့ကြောင်း ယခင်က ယူဆခဲ့ကြသည်။

သို့ရာတွင် သမုဒ္ဒရာရေအောက် ရေပူစီးကြောင်းများသည် သက်ရှိများ ရှင်သန်စေရန် ထိန်းသိမ်းပေးနိုင်စွမ်းမရှိကြောင်း၊ သက်ရှိများ စတင်ဖြစ်တည်နိုင်သည့် ရှေးအကျဆုံးဝန်းကျင်သဘာဝကို မီးတောင်များ၌ တွေ့ရှိရကြောင်း သိပ္ပံပညာရှင်များက ငြင်းချက်ထုတ်လာကြပြီဖြစ်သည်။

ဂရင်းလန်ကျွန်းမီးတောင်များ၌ တွေ့ရှိရသော ကမ္ဘာ့ရှေးအကျဆုံးဖြစ်နိုင်ဖွယ်ရှိသည့် ကျောက်သားများထဲတွင် သက်ရှိများရှင်သန်နိုင်ရေးအတွက် အလွန်အရေးပါသော ဆာပန်နစ်တီးနိုက် (Serpenitinite) ခေါ် ဓာတုဒြပ်စင်တစ်မျိုးအား တွေ့ရှိခဲ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့ကြသည်။

သမုဒ္ဒရာရေအောက် ရေပူစီးကြောင်းများတွင်မူ သက်ရှိများအတွက် လိုအပ်သော အမိုင်နိုအက်စစ်တည်ငြိမ်မှုအခြေကို ပျက်စေနိုင်လောက်သည်အထိ အက်စစ်ပါဝင်မှုများပြားကြောင်း သိပ္ပံပညာရှင်များက ဆိုသည်။

အစ်ဆူအာဒေသရှိ ရွှံ့မီးတောင်များသည် ရှေးဦးသက်ရှိများ စတင်ဖြစ်ပေါ်နိုင်ရေးအတွက် သင့်လျော်သော ဝန်းကျင်သဘာဝရှိခဲ့သည်ဟုဆိုနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားခဲ့သည်။ **အင်တာနက်။**



**ဂရင်းလန်ကျွန်း အနောက်တောင်ဘက်ရှိ အစ်ဆူအာ ရွှံ့မီးတောင်ဒေသကို တွေ့ရစဉ်။**
*(ဓာတ်ပုံ- အင်တာနက်)*

ယ နေ့ သ တ င် း အ ညွှ န် း

**အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်နှင့် တွေ့ဆုံ**

'မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ တွင် အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် ဆွေးနွေးညှိနှိုင်း'

သတင်း စာမျက်နှာ - ၂

'လူ ခြောက်ဦးလျှင် တစ်ဦးနှုန်း တစ်ချိန်ချိန်၌ လေဖြတ်ရောဂါ ဖြစ်နိုင်၊ အချိန်ခြောက်စက္ကန့်တိုင်းတွင် လေဖြတ်ရောဂါကြောင့် လူတစ်ဦးနှုန်း သေဆုံးနေ၊ အသက်အရွယ် ကျား၊မ မရွေး၊ လူမျိုးဘာသာမရွေး၊ နေရာဒေသမရွေး စက္ကန့်မလပ် လေဖြတ်ရောဂါဖြစ်နိုင်။'

**တွဲဖက်ပါမောက္ခ ဒေါက်တာဖြူဖြူလေး ၏**
လေဖြတ်ရောဂါအကြောင်း သိကောင်းစရာများ

ဆောင်းပါး စာမျက်နှာ - ၁၀